ညောင်ပင်ကျေးရွာ

မိုးညှင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ပင်ကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ညောင်ပင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်အား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

`

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက ်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း


ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ညောင်ပင်ကျေးရွာ
မိုးညှင်းမြို့နယ်

ညောင်ပင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်များ ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် အင်းတော်ကြီးအိုင်၏ အနောက်မြောက်ဘက်ဟိုပင်မြို့၊ ဖားကန့်လမ်းပေါ် တွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ မိုးညှင်းမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် အင်းတော်ကြီးလွင်ပြင်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်း ကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းများ ဖြစ်ကြသည်။ ကျေးရွာတည်ရှိရာ သည် ကုန်းတွင်းပိုင်းတွင်တည်ရှိပြီး မုန်တိုင်းများနှင့် ဆားငန်းရေ ဝင်းရောက်မှု ကင်းလွတ်သည်။ ကျေးရွာအနီးတွင် တောတောင်မြစ်ချောင်းများ ပေါ်များ၍ သဘာဝသယံဇာတ ကြွယ်ဝသည်။ ဒေသ၏ တစ်နှစ်ပျှမ်းမျှ မိုးရေချိန်လက်မမှာ ၁၀၀နှင့်အထက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိက အထောက်အကူပြုသည်။ လယ်ယာမြေများသည် စပါးကို အဓိကထားစိုက်ပျိုးပြီး ယခုနှစ် စိုက်ပျိုးချိန်တွင် မိုးများခေါင်ပြီး ရိတ်သိမ်းချိန်တွင် မိုးများသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေလွှမ်းမိုးမှုများ ကြုံတွေ့နေရပါသည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် လယ်ယာမြေအသင့်အတင့်ရှိကြပြီး တော၊တောင်၊အင်း၊အိုင်၊ချောင်း၊မြောင်း ပေါများသည်။ မြေဆီအသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် ရွှေ၊သယံဇာတ အနည်းငယ် ထွက်ရှိပြီး မိရိုးဖလာရွှေတူးဖော်ရေး လုပ်ငန်းများကိုလည်း အနည်းငယ်လုပ်ကိုင်ကြသည်။ ကျေးရွာတွင် ရေရရှိ ရေးအတွက် မြေအောက်ရေကို အဓိကအသုံးပြုသည်။ ထွန်းယက်စိုက်ပျိုးနိုင်သည်။ မြေဇက(၁၈၈၉)ရှိပြီး စပါးတစ်မျိုးတည်းကိုသာ အဓိကထားစိုက်ပျိုးကြသည်။နှစ်ရှည်ခံခြံလုပ်ငန်း များကိုလည်း အနည်းငယ်လုပ်ကိုင်သည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၆၁၇)စုနှင့်ကျား(၁၅၂၄)၊ မ(၁၅၄၅)ဦးဖြင့် လူဦးရေပေါင်း(၃၀၆၉)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ရှမ်းနီလူမျိုးများစု နေထိုင်ကြပြီး ဗမာ၊ကချင်၊ကရင်၊ချင်း၊ရခိုင် လူမျိုးများအနည်းငယ် နေထိုင်ကြသည်။ လူဦးရေပေါင်း၏(၆%)ရှိသဖြင့် လူသားအရင်းအမြစ် ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။အလုပ်လုပ်နိုင်သောအရွယ်ရှိအမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် အနည်းငယ်ပိုများသည်။ ကျေးရွာတွင်ဧည့်သည်ဝင်ရောက်မှု များပြီး အိမ်ငှားနေထိုင်မှု အသင့်အတင့် ရှိသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့်လက်လီလက်ကာရောင်းဝယ်ရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထား သာမန်သာရှိသည်။ ဆင်းရဲချမ်းသာအဆင့်တွင်မူ အိမ်ထောင်စု အားလုံး၏ ၅၃%သည် ဆင်းရဲနှင့်အလွန်ဆင်းရဲအဖြစ်ခံယူကြပြီး ၈% သည် ချမ်းသာသည့်အဆင့် နှင့် ၃၉%သည် အလယ်အလတ်ရှိသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာပိုင်ဆိုင်မှုများ သော်လည်း လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုမှာ လယ်ယာလုပ်သည့် အိမ်ထောင်စု ၂၂၁ အိမ်ထောင်စုအနက် ၄၆ သာလယ်ယာသုံး စက်ကိရိယာများပိုင်ဆိုင်ပြီး ကျန်အိမ်ထောင်စုများမှာ ကွဲ၊ နွားကိုသာ အဓိကအားထားရသောကြောင့် အချိန်မှီ မလုပ်ကိုင်နိုင်သည့် အကျပ်အတည်းများ ကြုံတွေ့နေရသည်။ စက်ကိရိယာများငှားရမ်းလုပ်ကိုင်ရခြင်းကြောင့် ဝင်ငွေ ထွက်ငွေ မညီမျှခြင်းများ ကြုံတွေ့နေရသောကြောင့် စီးပွားရေးများကြပ်တည်းကြသည်။လယ်ယာလုပ်ကိုင်သူများသည် လယ်လုပ်ရာသီမဟုတ်ချိန်များတွင် အခြားဒေသရှိ တွင်းထွက်သယံဇာတ တူးဖော်ရေးလုပ်ငန်းများ တွင် နေ့စားလုပ်သားများအဖြစ်သွားရောက်လုပ်ကိုင်နေကြရသည်။ ကျေးရွာတွင် မြေယာမဲ့အိမ် ထောင်စုမှာ ပိုမိုများပြားပြီးအိမ်ထောင်စု ၃၈၀ (၆၃%)ခန့်ရှိသည်။ ချမ်းသာသောမိသားစုများမှာ ပိုမို များပြားပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် လယ်ယာလုပ်ငန်းများတွင်ပါဝင်လုပ်ကိုင်ကြ သည်။ ငွေချေးသောရွှေဆိုင်ပိုင်ရှင်များနှင့် စားသောက်ဆိုင်ပိုင်ရှင်များလည်း ငွေရေးကြေးရေး အဆင် ပြေကြသည်။

ဆင်းရဲသည့်အဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး အလုပ်အကိုင်အတည်တကျ မရှိသည့် ကျပန်းလုပ်သားများ၊တံငါသည်များ မြေယာအနည်းငယ်ပိုင်ဆိုင်သော လယ်သမားများနှင့် မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း ကျောက်မျက်တူးဖော်ရေးလုပ်ငန်း၊တနိုင်တပိုင်ရွှေတူးဖော်ရေးလုပ်ငန်း၊ဆန်စက်၊စားသောက်ဆိုင်၊ဈေးဆိုင်၊ လက်လီလက်ကား၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေ ရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲ၏ ၃၀%ဖြစ်သော (၁၀၈)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၁၉%မှာ သူတစ်ပါးထံမှချေးယူပြီး နှပ်မှန်အောင်စားသုံးနိုင်ကြောင်း ကျန်မိသားစု ၈၁%မှာ(၆)လမှ (၁၂)လခန့် သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နှပ်မှန်အောင်စားသုံးနိုင်ကြကြောင်းတွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင်တွေ့ဆုံခဲ့သော အိမ်ထောင်စုများသည် အနည်းဆုံး ၂၀၀၀၀ ကျပ်မှ ၈၀၀၀၀၀ ကျပ်ထိ ရှိသည်။

အိမ်ထောင်စုအားလုံး၏ ၂၀%ခန့်သည် အမျိုးသမီးဦးဆောင်အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင် စုများမှာ ဆင်းရဲကြသည်။ ထိခိုက်လွယ်သောအိမ်ထောင်စုများမှာ အမျိုးသမီးဦးဆောင် သော အိမ်ထောင်စုနှင့် မိသားစုစောင့်ရှောက်မှုမရှိသည့် သက်ကြီးရွယ်အို(၅) ဦးတို့ဖြစ်ကြသည်။ ရွာပြင်ပ သို့သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင် ကြသည့် လူငယ်လူရွယ်များသည် အရက်နှင့်မူးယစ်ဆေးဝါး သုံးစွဲမှု အန္တရယ်တို့ ရှိတတ်ကြသည်။

ရွာတွင်းလမ်းများမှာ ကျဉ်းပြီး လမ်းဆုံလမ်းခွ များသောကြောင့် ယာဉ်မတော်တဆမှု များပြားသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးအစားအစာ ပြည့်ဝမှု ရှိကြသည်။ သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ကျောင်းနေကလေးငယ်များတွင် အများဆုံးဖြစ်ပွားခဲ့ပြီး ကျောင်းများပိတ်ရသည်အထိ အခြေအနေဆိုးဝါးခဲ့သည်။ အမျိုးသမီး၊ လူငယ်၊လူရွယ် သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင် များရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင် ရရှိနိုင်ကြပြီး တိုက်နယ်ဆေးရုံမှာရွာမှ ၁၃ မိုင်ကွာဝေးပြီး ကား၊စက်လှေဖြင့်အလွယ်တကူ သွားလာနိုင်သည်။

ကျေးရွာတွင် ရေတွင်း၊ လက်နှိပ်တုံကင်၊ မော်တာသုံးတုံကင်များမှ မြေအောက်ရေကို အလွယ်တကူ လုံလောက်စွာရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှောဝ၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါ ဖြစ်ပွါးမှုများ နည်းပါးကြောင်း တွေ့ရသည်။

(ငဝ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် အထက်တန်းကျောင်းခွဲနှင့် မူလွန်ကျောင်းရှိသောကြောင့် ပညာရေးအသင့်အတင့်ရှိသည်။ ရွာသားအများစုသည် အခြေခံစာရေးစာဖတ်တတ်မြောက်ကြပြီး ဘွဲ့ရအနည်းငယ်ရှိသည်။ သို့သော်အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လူမှုရေးလုပ်ငန်းများတွင် တန်းတူအခွင့်အရေးရှိပြီး လွတ်လပ်မှုရှိသည်။သို့သော်အုပ်ချုပ်ရေးဆိုင်ရာတာဝန်ယူမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုနည်းပါးသည်ကိုတွေ့ရသည်။ကျေးရွားတွင်ကျားနှင့်မအကြားခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရသော်လည်း မူးယစ်ဆေးသုံးစွဲသောမိသားစုများတွင် အိမ်တွင်းအကြမ်းဖက်မှုများတွေ့ရသည်။

ပညာရေးတွင် တန်းတူအခွင့်အရေးရှိပြီး မိန်းကလေးဦးရေမှာ ယောကျ်ားလေးဦးရေထက် အနည်းငယ်ပိုများနေသည်ကို တွေ့ရသည်။လယ်ယာလုပ်ငန်းများတွင် နေ့တွက်လုပ်အားခများ တူညီစွာရရှိသော်လည်း သတ္တုတူးဖော်ရေးနှင့် ဆောက်လုပ်ရေးငန်းများတွင် အမျိုးသမီးများသည် အမျိုးသားများထက် အနည်းငယ်လျော့၍ ရရှိကြသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၄)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၄)ဖွဲ့ ရှိသည်။ လူမှုကူညီရေးအသင်းမှာ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှုအားကောင်းပြီးပြင်ပမှ ဖွဲ့စည်းပေးသောအမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှုအားနည်းသည်။ ကျေးရွာရှိအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများစွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးတစ်မျိုးတည်းကိုသာ အဓိကထားစိုက်ပျိုးပြီး စိုက်ဧက ၁၂၉၅ ဧကရှိပြီး မိုးရေခံစနစ်ဖြင့်စိုက်ပျိုးသည်။နှစ်ရှည် ဥယျာဉ်ခြံ၊တောင်ယာလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ၅၉၄ဧက ရှိသည်။မိုးစပါး ပျမ်းမျှ အထွက်နှုန်းမှာ ဖဒ္ဒတင်းနှုန်း ထွက်ရှိကြသည်။

တောင်သူအများစုသည်စိုက်ဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေတစ်ဧက ၁၅၀၀၀၀နှုန်းဖြင့် တောင်သူများအတွက်ဝန်ဆောင်မှုပေးသော်လည်း စပါးဈေးကောင်းမရခင် ထုတ်ရောင်းပြီးစိုက်ပျိုးစရိတ်များပြန်လည်ပေးဆပ်ရသောကြောင့် ပြဿနာများနှင့်ကြုံတွေ့နေရသည်။တောင်သူအများစုသည် ရာသီဥတုပြောင်းလဲခြင်းကြောင့် စိုက်ပျိုးရေမလုံလောက်ခြင်း၊လုပ်သားများရှားပါးလာခြင်း၊ ခိုင်းကျွဲ၊နွားများမလုံလောက်ခြင်း၊ သွင်းအားစုများနှင့် နည်းပညာရရှိမှု အားနည်းခြင်းများကြောင့် အချိန်မှီထွန်ယက်စိုက်ပျိုး ရိတ်သိမ်းမှုအလုပ်နိုင်ခြင်းနှင့် အထွက်နှုန်းလျော့နည်းလာခြင်း ပြဿနာများနှင့် ကြုံတွေ့နေရသည်။

ကျေးရွာတွင်ဝက်မွေးမြူသည့်အိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ ၃၉ဝန်းကျင်ရှိပြီး ဒေသမှဝက်များကို မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်းတစ်ရွာလုံး၏ ၃၄%ခန့် ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်၊တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ ကျေးရွာတွင်ငါးမွေးမြူရေးမရှိသော်လည်း အင်းတော်ကြီးအိုင်နှင့် ကပ်လျက် တည်ရှိသောကြောင့် ဒေသထွက် ငါး၊ပုဇွန်များ ဖမ်းခြင်းဖြင့် အလုပ်အကိုင်များရရှိကြသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာသည် ဖားကန့်ရတနာမြေသို့ သွားရာလမ်းတွင်တည်ရှိသောကြောင့် စားသောက်ဆိုင်များ၊ဈေးဆိုင်များ၊ဆန်စက်များနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ခေါင်းရွက်ဗျပ်ထိုး၊ကျပန်းလုပ်ငန်းများ ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများတွင် အများစုလုပ်ကိုင်ပြီး အပ်ချုပ်၊ဆံပင်အလှပြင်၊ ဇာထိုးပန်းထိုး၊ဆိုင်ကယ်ပြင်၊ဖုန်းပြင်၊ကားပြင် ဝပ်လျော့ လုပ်ငန်းများလည်းလုပ်ကိုင်ကြသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် နိမ့်ကျ ပြီး လုပ်ငန်းထူထောင်ရန်အတွက် အရင်းအနှီးမလုံလောက်သည့် ပြဿနာများနှင့်ကြုံနေရသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိစပါးစိုက်ခင်းများသည် စပါးတစ်မျိုးတည်းကိုသာစိုက်ပျိုးပြီး သီးထပ်စိုက်ပျိုးခြင်းမရှိသောကြောင့် မြေဆီလျော့နည်းကာ စပါးအထွက်နှုန်းများ ကျဆင်းလာသည်။ သစ်တောများအဆမတန်ခုတ်ခြင်း၊ ရွှေ့ပြောင်းတောင်ယာများလုပ်ခြင်းနှင့် ရွှေတူးဖော်ခြင်းများကြောင့် သဘာဝပါတ်ဝန်းကျင်များ ပျက်စီးလာရခြင်းများ ကြုံတွေ့နေရသည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသင့်သည်။ ရေကြီးရေလွှမ်းမိုးများရှိသော်လည်း မစိုးရိမ်ရပါ။မုန်တိုင်းများဝင်ရောက်မှုလည်း မရှိပါ။ အခါအားလျော်စွာကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်သည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း ၅ကျပ်တိုး၊တစ်ဧက တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင်ချမ်းသာသူများ ရွှေဆိုင်ပိုင်ရှင်များမှာလည်း ငွေတိုးများချေးပေးပြီး တစ်လငါးကျပ်တိုးဖြင့်ချေးယူနိုင်သည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိပါ။

ကျေးရွာသားအများစုသည် ချေးငွေကိုအဓိက စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျန်းမာရေး၊ပညာရေးအတွက်လည်း ချေးယူကြသည်။ ကျေးရွာအတွင်း အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်မှုအရပါဝင်သော ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စု အားလုံးနီးပါး အကြွေးယူထားကြပြီး အကြွေးငွေ တစ်သိန်းကျပ်မှ ရှစ်သိန်းအထိချေးယူထားကြောင်းတွေ့ရှိရသည်။ထိုအိမ်ထောင်စု၏ ၉၄%သည် အကြွေး ငါးသိန်းအောက်ချေးယူထားကြပြီး ကျန်၆%မှ အကြွေး ငါးသိန်းအထက် ချေးယူထားကြသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းလွန်ကျောင်းကို အလျား၉၀၊ အနံ ၁၈ အမြင့် ၂၀ပေ သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်းဖြင့် ဆောက်လုပ်ထားပြီး အထက်တန်းကျောင်းမှာ ကျောင်းဆောင်၂ခုရှိပြီး အဆောင်တစ်ခုမှာအလျား ၁၀၀၊အနံ၃၀၊အမြင့် ၁၈ဖြစ်ပြီး အုတ်နံရံကာ အင်္ကတေခင်း သွပ်မိုးဖြစ်ပြီးကျန်တစ်ခုမှာ အလျား ၂၂၀။အနံ ၃၀၊ အမြင့်၂၂ ရှိသည်။ စာဖတ်သူဦးရေမှာ ၁%သာရှိပြီး ၈%မှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိထားသည်။ မူလတန်းအောင်သူများပြားသည်။ ယခုနှစ်ကျောင်းအပ်နှံမှုနှုန်းထားသည် ကျေးရွာရှိမူလတန်းအရွယ်နှင့် အလယ်တန်းအရွယ်ရှိသူအရေအတွက်ထက် ပိုနေကြောင်းတွေ့ရှိရကာ ၎င်းမှာမူလတန်းတွင် ၉နှစ်၊အလယ်တန်းတွင်၁၄နှစ်ထက်ကြီးသော ကျောင်းသားများပါရှိခြင်း၊အနီးရပ်ရွာမှ ကျောင်းသားများ တက်ရောက်နေခြင်းတို့ကြောင့်ဖြစ်သည်။ ကျောင်းတွင်

ပရိဘောဂများလုံလောက်မှုမရှိပါ။ မူလတန်းဆရာ/မ (၇)ဦး၊ အလယ်တန်းနှင့်အထက်တန်းတွင်(၁၈)၊ ကျောင်းတွင်တပည့်ဆရာအချိုးသည် မူလတန်းတွင်(၄၀)၊အလယ်တန်းတွင်(၂၈)၊အထက်တန်းတွင် (၃၇)တို့ဖြစ်ကြသည်။လွန်ခဲ့သောကျောင်းဖွင့်ရာသီက ကျောင်းသားအားလုံးအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိသော်လည်း သားဖွားဆရာမ တစ်ဦးနှင့် ဆေးကြီးကြပ် ၂ဦးသာ ရှိသောကြောင့် ဆရာ/မလိုအပ်ချက်ရှိပါသည်။ ကျေးရွာတွင်ပုဂ္ဂလိကဆေးခန်း မရှိခြင်း ကြောင့် ဆေးပေးခန်းတွင် လူနာတက်ရောက်မှုများကာ သားဖွားခန်းနှင့်အဆောင်အသစ်များလို အပ်လျက်ရှိသည်။အအေးဖြင့်သိုလှောင်ရန်လိုအပ်သော ဆေးများအတွက်မူ ရှာရှိ ရေခဲစက်ပိုင်ရှင် အားခွင့်တောင်းအပ်နှံထားရပါသည်။

သောက်ရေအတွက်လက်နှိပ်တုံကင်နှင့် ရေတွင်းများကို သုံးစွဲကြပြီး အများအားဖြင့်လုံလောက်သော်လည်း ရွာမြောက်ဘက်ခြမ်းတွင်ရေပြတ်လပ်မှု ပြဿနာတို့နှစ်စဉ်ကြုံတွေ့နေရပြီး တုံကင်သုံးစွဲသူများမှာလည်း နှစ်စဉ်မိုးတွင်းရေလျှံမှုကြောင့် ရေများညစ်ညမ်းနေသည်း။ ချမ်းသာသောအိမ်များသည် အိမ်သာများအား အုတ်ဖြင့်ဆောက်လုပ်ကြပြီးကျန်မိသားစုများမှာ ကော်ခွက်၊ယင်လုံအိမ်လုံအိမ်သာများကို အသုံးပြုကြသော်လည်း အသိပညာအားနည်းခြင်းကြောင့် အဖုံးများ အသုံးမပြုကြသည်ကို တွေ့ရသည်။စာသင်ကျောင်းများတွင်လည်း ကျောင်းအိမ်သာများကို အုတ်ကြွေခွက်ဖြင့်စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအသုံးပြုရလွယ်ကူသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့်မရှိ ပေ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လုပ်ဆောင်ကြပြီး ဘာသာရေးပွဲများတွင်လည်း ရိုးရာအက များဖြင့် တင်ဆက်ပါဝင်ကြသည်။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာအတွင်းရှိအဓိကလမ်းမကြီးမှာ ကတ္တရာခင်းပြီးကျန်ရွာတွင်းလမ်းများမှာ သဲကျောက်ခင်းလမ်းများဖြစ်ပြီး ကျန်လမ်းအနည်းငယ်မှာမြေသားလမ်းဖြစ်သည်။ရေလမ်းခရီးအသုံးပြုမှုတွင် စက်လှေ ၁၃စီးနှင့်လှေသမ္ဘာန် ၁၃၂စီးကို အသုံးပြုကြသည်။ ကုန်းလမ်းအသုံးပြုမှုအတွက် စက်ဘီး (၃၀၉)စီး၊မော်တော်ဆိုင်ကယ်(၆၂၄)စီး၊ သုံးဘီးဆိုင်ကယ်ထော်လာကျီ ၄၄စီး၊ကား (၃၅)စီး၊နွားလည်း (၈၃)စီးတို့ကို အသုံးပြုလျှက်ရှိကြသည်။

ကျေးရွာတွင်လျှပ်စစ်မီးကို ၂၀၁၆ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီးအိမ်ထောင်စု(၃၀၇)စု သွယ်တန်းအသုံးပြုနေကြပြီး ဖြစ်သော်လည်း (၃၁၀)မှာ လုံးဝသွယ်တန်းအသုံးပြုနိုင်ခြင်းမရှိသေးပါ။ ကျေးရွာ

တွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အင်တာနက်အသုံးပြုနိုင်မှု အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း စာအုပ်များနှင့်ပရိဘောဂပစ္စည်းများလုံးဝထားရှိထားခြင်းမရှိပါ။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကို ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

(ဃ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ပြည်တွင်းမငြိမ်းချမ်းမှုကြောင့် ရဲစခန်းများပြောင်းရွှေ့သွားပြီး အုပ်ချုပ်ရေးရုံးတစ်ခုတည်းသာ ရှိခြင်းကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေးအခြေအနေမှာ စိုးရိမ်ဖွယ်အနေအထားတွင်ရှိသော်လည်း မိုဘိုင်းဖုန်းကို အသုံးပြုပြီး သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်အသုံးပြုနိုင်သည်။

ကျေးရွာတွင် မူးယစ်ဆေးသုံးစွဲသူ များပြားလျက်ရှိသောကြောင့် ခိုးမှုများနှင့် အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပွားလျက်ရှိပြီး ကျန်ရာဇဝတ်မှုများလည်း ဆက်စပ်ဖြစ်ပေါ်လာနိုင်ခြေရှိပါသည်။ ကျေးရွာသားများသည် ရဲစခန်းနှင့် ၁၃မိုင် ဝေးကွာနေခြင်းကြောင့် ချိတ်ဆက်နိုင်မှုအားနည်းသောကြောင့် ရာဇဝတ်မှုများလျော့နည်းအောင် စွမ်းဆောင်နိုင်မှု အားနည်းလျက်ရှိသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျှပ်စစ်မီးကိုမဟာဓါတ်အားလိုင်မှ ချိတ်ဆက်သုံးစွဲနေကြသဖြင့် ထင်းသက်သာသည်။ လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်းသူ/သားအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်း စသော လူနေမှု အဆင့်အတန်းမြင့်မားလာရေး အတွက်အထောက်အကူပြုသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေ၏ ၇၂%မှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမားရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုလည်း အလွယ်တကူ လက်လှမ်းမှီနိုင်သည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း လူမှုကူညီရေးအကူ

အညီဖြင့်မိုးညှင်းခရိုင်ဆေးရုံသို့ သွားရောက်ကုသနိုင်သည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိအနေအထားအတွက် အသင့်အတင့်ကောင်းမွန်သော အဆင့်တွင် ရှိကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာအတော် အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူ ပို့ဆောင်ပေးနိုင်သည်။ ကျေးရွာသည် ဟိုပင်၊မိုးညှင်းနှင့် ဖားကန့်မြို့များသို့ ကတ္တရာလမ်း၊ ကျောက်ခဲလမ်းများဖြင့်ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မှီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကြီးများမရှိသော်လည်း တနိုင်တပိုင် မွေးမြူရေးလုပ်ငန်း များကို လုပ်ကိုင်ကြပြီး ဈေးကွက်ကောင်းသဖြင့် တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။ ထို့ပြင် သဘာဝ ရေအိုင်ကြီးမှ ငါး၊ပုဇွန်များဖမ်းဆီးခြင်းမှ အလုပ်အကိုင်အခွင့်အလမ်းများရရှိကြသည်။

ကျေးရွာသည်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး အနီးပတ်ဝန်းကျင်ကျေးရွာများပြား သဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုအဆင်ပြေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုများမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက် အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိလယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပြီး သစ်တောများနှင့် ရွှေသယံ ဇာတများ အနည်းငယ်ထွက်ရှိသည်။ လယ်ယာမြေများမှာ တိုးချဲ့ရန်မြေနေရာများရှိသော်လည်း အမှန်တကယ်လုပ်ကိုင်ခြင်းမရှိခြင်း လယ်ယာမြေများကို ဦးပိုင်ဖောက်ထားခြင်းကြောင့် လယ်သမား များတိုးချဲ့စိုက်ပျိုးရန် အခက်အခဲကြုံတွေ့နေရပါသည်။

သစ်တောသယံဇာတ ကြွယ်ဝသော်လည်း တရားဥပဒေစိုးမိုးမှုအားနည်းပြီး တနိုင်တပိုင်လုပ် ကိုင်ခွင့်များ ချထားပေးခြင်းမရှိသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးလျက်ရှိသည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိဘဲ ချေးငွေလိုအပ်သောအိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန်စာရွက်စာတမ်းလိုအပ်ချက်များ ဖြည့်စွက်ရာများ တွင် အခက်အခဲကြုံတွေ့ရတတ်သည်။ ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့်

အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင်လည်းအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊တတ်သိပညာ၊အထိအတွေ့တို့ အားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ရွာလူထုသည်စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် တိုက်နယ်ဆေးရုံ၊အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ စာကြည့်တိုက်၊ကစားကွင်း စျေးများပါဝင်သည့်စံပြကျေးရွာတစ်ရွာဖြစ်ပေါ်လာစေရန် ကြိုးစားလုပ်ကိုင်ဖန်တီးဖြစ်ပေါ်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကိုတိုးတက်ရရှိစေမည်။

က.၄) ကျွန်ုပ်တို့ရွာလူထုသည်သက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီးကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အထက(ခွဲ)တစ်ကျောင်းနှင့် မူလွန်ကျောင်းတစ်ကျောင်းရှိသော်လည်း အထက်တန်း ကျောင်းခွဲတွင် ဟောခန်းနှင့်သိပ္ပံခန်းမရှိခြင်းကြောင့် ကျေးလက်ဦးစီးမှတဆင့် ပညာရေးဦးစီးဌာနသို့ တင်ပြပြီး နည်းပညာနှင့်ငွေကြေးအထောက်အပံ့များ ရရှိရန်ဆောင်ရွက်ခြင်း၊ ကျေးရွာလူထုမှလည်းလုပ်အားနှင့် ငွေကြေးများမတည်၍ မြေနေရာများရှင်းလင်းထားခြင်း၊ မြေနေရာညီညွတ်အောင်မြေဖို့ခြင်း လုပ်ငန်းများကိုဆောင်ရွက်မည်။ မူလွန်ကျောင်းဆောင်သစ်ရရှိရန်အတွက် ကျေးလက်ဦးစီးမှတဆင့် ပညာရေးဝန်ကြီးဌာနသို့တင်ပြပြီး နည်းပညာနှင့်ငွေကြေး

အထောက်အပံ့များ ရရှိရန်ဆောင်ရွက်ခြင်း၊ ကျေးရွာလူထုမှလည်းလုပ်အားနှင့် ငွေကြေးများ ထည့်ဝင်၍ ကျောင်းဆောင်သစ်ဖြစ်ပေါ်ရန် ဆောင်ရွက်သွားမည်။ ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲတွင်ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသောဆရာ/မ ခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

ခ.၂) ကျွန်ုပ်တို့သည် ကျေရွာတွင်တိုက်နယ်ဆေးရုံဖြစ်ပေါ်လာရန်အတွက် လိုအပ်သည့် အခြေခံအဆောက်အဦးများ ဖြစ်ပေါ်လာရန်ကျေးလက်ဦးစီးမှဆစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြပြီး နည်းပညာနှင့်ငွေကြေးအထောက်အပံ့များရရှိအောင် ဆောင်ရွက်ခြင်း၊ ကျေးရွာလူထုမှ လည်း လုပ်အားနှင့်ငွေကြေးထည့်ဝင်ခြင်း၊ ပြင်ပအလှူငွေများရရှိရန် ကော်မတီများဖွဲ့စည်း၍ ဆေးရုံဖြစ်မြောက်ရေးအတွက်ဆောင်ရွက်သွားမည်။ ကျေးရွာတွင် တရားဥပဒေစိုးမိုးရေးနှင့် လူမှုဘဝလုံခြုံရန်အတွက် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ အားကောင်းလာရန် ဆောင်ရွက်သွားမည်။ ကျေးရွာတွင် စာကြည့်တိုက်ဖြစ်မြောက်ရေးနှင့် ထိန်းသိမ်းရေးအဖွဲ့ဖွဲ့စည်းပြီး ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပအလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျေးလက်ဦးစီးမှတဆင့် နည်းပညာနှင့်ငွေကြေးများရရှိရန်ဆောင်ရွက်ပေးပြီး စာကြည့်တိုက်ကောင်းဖြစ်စေရန် ဆောင်ရွက်သွားမည်။ ကျေးရွာမှ ရန်ပုံငွေနှင့် လုပ်အားများထည့်ဝင်ပြီး နည်းပညာနှင့်စက်ယန္တရားအကူအညီများကို ကျေးလက်ဦးစီးသို့တောင်းခံပြီး အားကစားနည်းမျိုးစုံပါဝင်သည့် အားကစားကွင်းကြီးဖြစ်ပေါ်လာရန် ဆောင်ရွက်သွားမည်။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများမှ မြေယာရရှိအောင် ဆောင်ရွက်ပေးပြီး လုပ်အားနှင့် ရန်ပုံငွေများရရှိရန် ဆောင်ရွက်ကာ ရေမီး၊အိမ်သာနှင့် အမှိုက်များစနစ်တကျစွန့်ပစ်ရန် နေရာများပါဝင်သည့်စျေးအတည်တကျဖြစ်ပေါ်လာရန် ဆောင်ရွက်ပြီး စံပြကျေးရွာတစ်ရွာဖြစ်ပေါ်လာရန်ဆောင်ရွက်သွားမည်။

ခ.၃) ကျေးရွာတွင် အရင်းအနှီးငွေ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကိုဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိ ဘဏ်များရင်းနှီးငွေရရှိရေး၊ အခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။အရင်းအနှီးငွေများရရှိပါကစိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။အလားတူပင်ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကတဖန်ကျေးရွာတွင် ရရှိထားသောနည်းပညာများကို မျှဝေပေးပြီး မိမိကိုယ်တိုင်ကလည်းကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

ခ.၄) ကျေးရွာတွင် အပ်ချုပ်၊ဇောထိုး၊ပန်းထိုး၊ယိုနှင့်မုန့်လုပ်နည်း၊ဆံပင်ညှပ်၊စက်ပြင် မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင် တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) အခြေခံအဆောက်အဦးများကောင်းမွန်ပြည့်စုံရေး

ကျေးရွာတွင် အထက်တန်းကျောင်း(ခွဲ)တစ်ကျောင်းနှင့် မူလွန်ကျောင်းတစ်ကျောင်းရှိပြီး အထက်တန်းကျောင်းတွင် ကျောင်းသားဦးရေ(၆၇၇)ယောက်ရှိပြီး ကျောင်းဆောင်များလုံလောက်သော်လည်း ဟောခန်းနှင့်သိပ္ပံခန်းလိုအပ်လျက်ရှိသည်။ မူလွန်ကျောင်းမှာလွန်ခဲ့သော နှစ်ပေါင်း(၃၀)ခန့်က ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့သော ကျောင်းဆောင်ဖြစ်ပြီး ကျောင်းသားဦးရေပေါင်း(၂၉၅)ယောက် တက်ရောက်ပညာသင်ကြားနေသည်။ ကျောင်းဆောင်မှာ ဆက်လက်အသုံးပြုနေလျှင် ကျောင်းသားများအန္တရာယ်ဖြစ်ပေါ်လာနိုင်သောကြောင့် ကျောင်းဆောင်သစ်အမြန်လိုအပ်

လျှက်ရှိသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းတစ်ခုရှိပြီး လူနာနှင့် ကျန်းမာရေးဝန်ထမ်း အချို့ မညီမျှသဖြင့် နီးစပ်ရာဆေးရုံများသို့ တက်ရောက်ခံယူလျှက်ရှိသည်။ လက်ရှိဆေးခန်းမှာလည်း အဆောက်အဦးများမလုံလောက်သဖြင့် ကျန်းမာရေးအဆင့် တိုးမြှင့်ပေး ရန် တင်ပြအပ်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများ အတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့်လယ်သမား နှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်း ဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူ ရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ) အသေးစားစက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင်အသေးစားစက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့်အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများ ရရှိရန်အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်၎င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှု နည်းပညာ၊ ဈေးကွက် ၊သတင်းအချက်အလက်များ လက်လှမ်းမှီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ(ကုန်ထုတ်ခြင်း၊စက်မှု၊လက်မှုလုပ်ငန်း)များအတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင်ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှာ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့တစ်ခု ထူထောင်ပြီးမြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင်ကျွမ်းကျင်ပညာရှင်အချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန် အတွက် လုံလောက်သောရန်ပုံငွေလည်းရရှိရပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်

ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည် ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်းများသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အအုံ					
	၁။ အထက်တန်းကျောင်း(ခွဲ) အဆောက်အဦး မလုံလောက်သည့်ပြဿနာ(ဟောခန်း)	၉၂	၁	– အရိပ်ရကစားကွင်းနေရာနှင့် ဆီးဆောဒန်း၊ ဘားဒန်းစသည် ဖြင့် စီမံထားရှိခြင်း၊ –ပုံစံဝင်သောကျောင်းဆောင် ဆောက်လုပ်ခြင်း၊ –	ပညာရေးဝန်ကြီးဌာန
ကျန်းမာရေး					
	၂။ ကျန်းမာရေးဝန်ထမ်းမလုံလောက်သည့် ပြဿနာနှင့်ဆေးပေးခန်းအဆောက်အဦး မလုံလောက်သည့်ပြဿနာ	၇၅	၂	–ကျန်းမာရေးဝန်ထမ်းမလုံလောက်ခြင်း	ကျန်းမာရေးဝန်ကြီးဌာန
ပညာရေး					
	၃။ မူလွန်ကျောင်း ဟောင်းနွမ်းပျက်စီးနေသည့်	၇၂	၃	-	–

	ပြဿနာ			
အကြမ်းဖက်မှု	၄။ ကျေးရွာတွင် အကြမ်းဖက်မှုနှင့် ရာဇဝတ်မှု များပြားသည့်ပြဿနာ(အုပ်ချုပ်ရေးလက် လှမ်းမမှီမှု)	၇၀	၄	
လမ်းပတ်တား				
	၅။ စံပြကျေးရွာဖြစ်လာစေရန် ပြည့်စုံသည့် လမ်းပတ်တား၊ရေ၊မီး အပြည့်အစုံရရှိရေး	၆၅	၅	ကျေးလက် ဦးစီး
မြေနေရာ				–
	၆။ စာကြည့်တိုက်နေရာမကောင်းခြင်းနှင့်	၆၃	၆	
အားကစား				
	၇။ ကျေးရွာပိုင်အားကစားကွင်းမရှိခြင်း	၆၀	၇	_

မီးလင်းရေး				
	၈.ကျေးရွာတစ်ဝက်ခန့်လျှပ်စစ်မီး ရရှိရန် ကျန်ရှိနေသေးခြင်း	၅၇	၈	
ချေးငွေလုပ်ငန်း				
	၉။အသေးစား၊အလတ်စားလုပ်ငန်း များအတွက် ရင်းနှီးငွေမလုံ လောက်ခြင်း	၅၅	၉	
သက်/မွေး သင်တန်း	၁၀။ အသက်မွေးဝမ်းကျောင်းသင်တန်း များ မရှိခြင်း	၅၂	၁၀	ကျေးလက်
စျေးအဆောက် အဦး	၁၁။ စျေးနေရာအတည်တကျမရှိခြင်း နှင့် စျေးအဆောက်အဦးမလုံ လောက်သည့် ပြဿနာ	၅၀	၁၁	
နှည်းပညာ	၁၂။ လယ်ယာသုံးပစ္စည်းမလုံလောက်ခြင်းကြောင့် အချို့မှီထွန်ယက်စိုက်ပျိုးမရိတ်သိမ်းနိုင်ခြင်း	၄၈	၁၂	
	၁၃။ ရေကောင်းရေသန့်မရရှိခြင်း	၄၆	၁၃	
	၁၄။ စိုက်ပျိုးရေမလုံလောက်ခြင်း ကြောင့် ဆည်လိုအပ်နေခြင်း	၄၅	၁၄	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ အထက်တန်းကျောင်း(ခွဲ) အဆောက်အဦး မလုံလောက်သည့်ပြဿနာ(ဟောခန်း)	၁	——	——			
၂။ ကျန်းမာရေးဝန်ထမ်းမလုံလောက်သည့် ပြဿနာနှင့်ဆေးပေးခန်းအဆောက်အဦး မလုံလောက်သည့်ပြဿနာ	၂	——	——			
၃။ မူလွန်ကျောင်း ဟောင်းနွမ်းပျက်စီးနေသည့် ပြဿနာ	၃	——	——	——		
၄။ ကျေးရွာတွင် အကြမ်းဖက်မှုနှင့် ရာဇဝတ်မှု များပြားသည့်ပြဿနာ(အုပ်ချုပ်ရေးလက် လှမ်းမမှီမှု)	၄	——				
၅။ စံပြကျေးရွာဖြစ်လာစေရန် ပြည့်စုံသည့် လမ်း၊တံတား၊ရေ၊မီး အပြည့်အစုံရရှိရေး	၅	——	——	——	——	——
၆။ စာကြည့်တိုက်နေရာမကောင်းခြင်းနှင့် ပရိဘောဂစာအုပ်မလုံလောက်ခြင်း	၆	——				
၇။ ကျေးရွာပိုင်အားကစားကွင်းမရှိခြင်း	၇	——				
၈။ ကျေးရွာတစ်ဝက်ခန့်လျှပ်စစ်မီးရရှိရန် ကျန်ရှိနေသေးခြင်း	၈	——				
၉။အသေးစား၊အလတ်စားလုပ်ငန်းများအတွက် ရင်းနှီးငွေမလုံလောက်ခြင်း	၉	——	——	——	——	——
၁၀။ အသက်မွေးဝမ်းကျောင်းသင်တန်းများ	၁၀	——	——	——		

မရှိခြင်း					
၁၁။ ဈေးနေရာအတည်တကျမရှိခြင်းနှင့် ဈေးအဆောက်အဦးမလုံလောက်သည့် ပြဿနာ	၁၁	——	——	——	
၁၂။ လယ်ယာသုံးပစ္စည်းမလုံလောက်ခြင်းကြောင့် အချိန်မှီထွန်ယက်စိုက်ပျိုး မရိတ်သိမ်းနိုင်ခြင်း	၁၂	——	——		
၁၃။ ရေကောင်းရေသန့်မရရှိခြင်း	၁၃	——	——	——	
၁၄။ စိုက်ပျိုးရေမလုံလောက်ခြင်းကြောင့် ဆည်လိုအပ်နေခြင်း	၁၄	——	——	——	——

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျတ်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	အထက်တန်းကျောင်း(ခွဲ) အဆောက်အဦး			√		

	မလုံလောက်သည့်ပြဿနာ(ဟောခန်း)					
၂	ကျန်းမာရေးဝန်ထမ်းမလုံလောက်သည့် ပြဿနာနှင့်ဆေးပေးခန်းအဆောက်အဦး မလုံလောက်သည့်ပြဿနာ				√	
၃	မူလွန်ကျောင်း ဟောင်းနွမ်းပျက်စီးနေသည့် ပြဿနာ			√		
၄	ကျေးရွာတွင် အကြမ်းဖက်မှုနှင့် ရာဇဝတ်မှု များပြားသည့်ပြဿနာ (အုပ်ချုပ်ရေးလက် လှမ်းမမှီမှု)				√	
၅	စံပြကျေးရွာဖြစ်လာစေရန်ပြည့်စုံသည့် လမ်း၊ တံတား၊ရေ၊မီးအပြည့်အစုံရရှိရေး			√		
၆	စာကြည့်တိုက်နေရာမကောင်းခြင်းနှင့် ပရိဘောဂစာအုပ်မလုံလောက်ခြင်း			√		
၇	ကျေးရွာပိုင်အားကစားကွင်းမရှိခြင်း					√
၈	ကျေးရွာတစ်ဝက်ခန့်လျှပ်စစ်မီးရရှိရန် ကျန်ရှိနေသေးခြင်း			√		
၉	အသေးစား၊အလတ်စားလုပ်ငန်းများအတွက် ရင်းနှီးငွေမလုံလောက်ခြင်း		√			
၁၀	အသက်မွေးဝမ်းကျောင်းသင်တန်းများ မရှိခြင်း				√	
၁၁	ဈေးနေရာအတည်တကျမရှိခြင်းနှင့် ဈေးအဆောက်အဦးမလုံလောက်သည့် ပြဿနာ			√		
၁၂	လယ်ယာသုံးပစ္စည်းမလုံလောက်ခြင်း ကြောင့် အချိန်မှီထွန်ယက်စိုက်ပျိုးမရိတ်သိမ်းနိုင်ခြင်း				√	
၁၃	ရေကောင်းရေသန့်မရရှိခြင်း					√
၁၄	စိုက်ပျိုးရေမလုံလောက်ခြင်းကြောင့် ဆည်လိုအပ်နေခြင်း			√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန်**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြိုးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ

ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊

- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။

(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏%
၁ နှစ်အောက်	နို့စို့အရွယ်	၄၀	၄၃	၈၃	၃%
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၁၃၁	၁၄၁	၂၇၂	၉%
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၁၄၁	၁၃၇	၂၇၈	၁၂%
၉ နှစ်အထက်မှ ၁၄နှစ် အထိ	အလယ်တန်းကျောင်းသား အရွယ်	၂၀၃	၁၈၁	၃၈၄	၁၂%
၁၄ နှစ်အထက်မှ ၆၀နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၉၄၆	၉၅၄	၁၉၀၀	၆၂%
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၆၃	၈၉	၁၅၂	၅%
စုစုပေါင်း လူဦးရေ		**၁၅၂၄**	**၁၅၄၅**	**၃၀၆၉**	**၁၀၀%**
စုစုပေါင်း အိမ်ထောင်စု - ၆၁၇		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၅**			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဧည့်သည်ဝင်ရောက်မှုများပြီး အိမ်ငှားနေထိုင်မှု အနည်းငယ် ရှိသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%	မိသားစု ဝင်လုပ် အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၂၁၀	၃၃.၅	-	၂၀	လယ်ယာလုပ်ငန်း ၆၃ စုနှင့် ဥယျဉ် ၁ စု။
	အလုပ်သမား၊ ကျပန်း၊			-	-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%	မိသားစု ဝင်လုပ် အား		
	ရာသီအလိုက် အလုပ်သမား					
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၃	၀.၅			တနိုင်တပိုင်ဝက်၊ ကြက်၊ ဆိတ်၊ နွား၊မြင်းမွေးမြူရေး
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-				
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၂၀	၃		-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၂	၁၄	၃၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း				-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-		-	-	
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-		-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-		-	-	
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၅	၁	၅	၃၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁၅	၂		-	
	အလုပ်သမား၊ ကျပန်း၊	-			-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ရာသီအလိုက် အလုပ်သမား					
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း	၂၀	၃	၂၀	၂၃	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁၁၇	၁၉	-	၁၀၂	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၁	၁၂	၂၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁၂	၂	၁၂	၁၂	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား			-	-	
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%	မိသားစု ဝင်လုပ် အား		
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-		
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	၁၉၅	၃၂		၅	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				-	
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
	စုစုပေါင်း	**၆၁၇**	**၁၀၀**	**-**	**၁၂၇**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများလည်းရှိပြီး ငါးဖမ်းလုပ်ငန်း၊လက်သမား၊ပန်းရံလုပ်ငန်း အစရှိသော ကိုယ်ပိုင်လုပ်ငန်း အသေးစားများ လုပ်ကိုင် ကြသည်ကိုလည်း တွေ့ရပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွ	အများဆုံး (ကျပ်)	အနည်းဆုံး (ကျပ်)	မှတ်ချက်

		က်ပုံ	ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၅၀၀၀	၅၀၀၀	၄၀၀၀	၄၀၀၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား	-	-	-	-	
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၆၀၀၀	-	၅၀၀၀	-	
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-	
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၃၅၀၀	-	၃၀၀၀	-	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-	လခစားများသာ
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-	လခစားများသာ
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-	လခစားများသာ
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-	လခစားများသာ

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ နေ့စားလုပ်အားခနှုန်းထားများမှာ လုပ်ငန်းအမျိုးအစားအလိုက် အနည်းအများ ကွာဟမှုရှိပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၁၂၉၅	သင့်	မရ	မိုးရေခံ
ယာမြေ /တောင်ယာ	၄၇၄	သင့်	မရ	မိုးရေခံ
ဥယျာဉ်ခြံမြေ	၁၆	သင့်	မရ	မိုးရေခံ
အိမ်ခြံဝင်း စိုက်ခင်း	၁၀	သင့်	မရ	မိုးရေခံ
နှစ်ရှည်သီးနှံစိုက်ခင်း	၉၄	သင့်	မရ	မိုးရေခံ
ရွှေ့ပြောင်းတောင်ယာ မြေ	-			
ကိုင်း/ကျွန်းမြေ	-			
စားကျက်မြေ	-			
ပလပ်မြေ	-			
အခြား	-			
စုစုပေါင်း	**၁၈၈၉**			

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသော အိမ်ထောင်စုများသာ အများဆုံးဖြစ်ပြီး တောင်သူများအတွက် လယ်ရေရရှိမှုမှာ မိုးရေကိုသာ အဓိကထားပြီး စိုက်ပျိုးနေကြရပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမှီ
အခြား ရင်းမြစ်များ	သင့်	ခက်
အခြားသဘာဝရင်းမြစ်		
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	သင့်	ခက်
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	ဗီးစပ်၊ သံမနိုင်ကျောက်မနိုင်	လွယ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အခြားအရင်းအမြစ်များအနေဖြင့် သစ်၊ဝါး၊အနည်းငယ်ကိုသာ ရရှိနိုင်သော်လည်း ခက်ခဲပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၀ ဧကနှင့် အထက်	ဧက၁၀ မှ ၂၀ ကြား	၁၀ဧကအောက်	မရှိ
အိမ်အခြေအနေ	အုတ်ကာ၊သွပ်မိုး	ပျဉ်ထောင်၊ပျဉ်ခင်း	ထရံကာ၊ရုံးမိုး	လှေပေါ်၊အိမ်ငှား
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု				
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု				
အဓိကစီးပွားရေးလုပ်ငန်း	ရွှေဆိုင်၊ဆန်စက်၊လက်ကားရောင်း ဝယ်ခြင်း	စျေးသည်	ကျပန်း	ကျပန်း
အိမ်ထောင်စု - ၆၁၇	၄၉ (၈ %)	၂၂၇(၃၇ %)	၃၀၂ (၄၉ %)	၃၉ (၆ %)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စီးပွားရေးအဆင်ပြေသော အိမ်ထောင်စုမှာ အနည်းငယ်သာရှိပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်			လိုအပ်သောအချိန်တွင် အသိအကျွမ်းများထံမှ ချေးယူစားသောက်ကြသည်။

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လနှင့် ၅ လ အထိ			လိုအပ်သောအချိန်တွင် အသိအကျွမ်းများထံမှ ချေးယူစားသောက်ကြသည်။
၆လ မှ ၁၂ လ အထိ	၁၉	၃%	

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဝမ်းစာမဖူလုံ၍ ချေးငှားစားသောက်ရသော အိမ်ထောင်စုမှာ မရှိသလောက် ရှားပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်	-	၃	၃
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၃၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၁၂		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၁၆		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၆၀)နှစ်နှင့် အထက်မှာ အမျိုးသမီး ၃ဦးရှိပါသည်။ဆင်းရဲ၍ မိသားစုအိမ်ရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုမှာ ၃၀ အိမ်ထောင်စုရှိပြီး မုဆိုးဖို၊တစ်ခုလပ်၊အိမ်ထောင်စုမှာ ၁၂ အိမ်ထောင်စုနှင့် အခြားဒေသသို့သွားရောက် လုပ်ကိုင်နေရသည့် ဆင်းရဲသည့်အိမ်ထောင်စုမှာ ၁၆အိမ်ထောင်စုရှိပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	နိမ့်	
၂	သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	နိမ့်	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၃	ရေကြီးခြင်း	လတ်	
၄	မိုးခေါင်ခြင်း	လတ်	
၅	အအေးလွန်ကဲခြင်း	နိမ့်	
၆	မုန်တိုင်း	နိမ့်	
၇	ငလျင်	နိမ့်	
၈	မီးဘေး	နိမ့်	
၉	ဆားငန်ရေဝင်မြေ	နိမ့်	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	နိမ့်	
၁၁	သစ်တောပြုန်းတီးခြင်း	လတ်	လွန်ခဲ့သောဆယ်စုနှစ်များကလောက် ထင်းခုတ်၊ ဝါးခုတ်များ အလွယ်တကူ မရနိုင်တော့ပါ။
၁၂	ငှက်ဖျားရောဂါ	မြင့်	
၁၃	တီဘီရောဂါ	လတ်	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	လတ်	
၁၅	ပြည်တွင်း ပဋိပက္ခ	လတ်	
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	လတ်	
၁၇	လူကုန်ကူးခြင်း	နိမ့်	
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည်	နိမ့်	
၁၉	အခြား	-	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် အင်းတော်ကြီးအင်းဘေးတွင်ရှိသောကြောင့် မိုးတွင်းချိန်ခါတွင် ကလေးသူငယ်များငှက်ဖျားရောဂါ ဖြစ်ပွားမှုအခြေအနေမှာ စိုးရိမ်ဖွယ်ဖြစ်ပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	လတ်	
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	နိမ့်	
၅	မြစ်ကမ်းဘေး နေထိုင်သူများ	နိမ့်	
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ	နိမ့်	
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူ များ (IDP)	နိမ့်	
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	လတ်	
၉	ငါးကန်ပိုင်ရှင်	နိမ့်	
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	
၁၁	လူနည်းစုလူမျိုးများ	နိမ့်	
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	နိမ့်	
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	နိမ့်	
၁၄	ရွှေတွင်းလုပ်သား	နိမ့်	
၁၅	ဆေးစွဲသူများ	မြင့်	
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	မြင့်	
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့်	
၁၈	နေရပ်ပြန် အခြေချသူများ	နိမ့်	
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်	
၂၀	ကားသမား	လတ်	
၂၁	အခြား	-	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထိခိုက်တက်ရောက်မှု ခံရနိုင်သူများအနေဖြင့် လူငယ်များမှာ မူးယစ်ဆေးဝါးအန္တရယ်ကြောင့် စိုးရိမ်ဖွယ်ဖြစ်နေပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ေဂါပကအဖွဲ့	၂	၃၀	၂၀	၅၀			
၂	အမျိုးသမီးရေးရာ	၂		၃၀	၃၀			
၃	**ဂေါ**ပက	၃	၁၅	-	၁၅			
၄	မိခင်နှင့်ကလေး	၂		၅၀	၅၀			
၅	အပျိုလူပျို	၂	၁၀၀	၂၀၀	၃၀၀			
၆	ဓမ္မစကူလ်	၃		၁၂	၁၂			
၇	ဓမ္မစကြံ်ရွာတ်	၃		၅၀	၅၀			
၈	ရှမ်းယဉ်ကျေးမှု	၃	၅၀	၅၀	၁၀၀			
၉								
၁၀								

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊

ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပံ့မှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြံုသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများမှာ (၈)ဖွဲ့ခန့်ရှိပြီး သက်ဆိုင်ရာအလိုက် ဆောင်ရွက်မှုများမှာ အားကောင်းပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁			
၂			
၃			
၄			
၅			
၆			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၃၉၃	၆၄%	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၇	၆%	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ	၄၂	၇%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၀၀	၁၆%	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	၄၅	၇%	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၆၁၇**	**၁၀၀%**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းပြုသော တောင်သူများသာမက အခြားလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသော အိမ်ထောင်စုများလည်းရှိကြောင်း တွေ့ရပါသည်။

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	အစိုးရ/ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု	
				တန်နစ်ပတ်လုံး/ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်				
၂	ရေလွှဲဆည်	-			
၃	မြစ်ရေတင်စီမံကိန်း	-			
၄	အဝီစိတွင်း	-			
၅	လက်ငင် ရေတွင်း	-			
၆	စိမ့်စမ်းရေ	-	ရှိ		မရှိ
၇	ချောင်းရေ	-			
၈	အခြား	-			

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းမှုရှိသော်လည်း လုံလောက်မှုမရှိပါ။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	သီးနှံထွက်မှု				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်)	အမြတ် ရရှိနိုင်မှု (နိမ့်/လ တ်/ မြင့်)	မှတ် ချက်
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ			
မိုး စပါး	၁၈၈၉	တင်း	၅၀	၈၀	၆၀	ဇွန်	နိုဝင် ဘာ	မြင့်	နိမ့်	
နှမ်း										
ငှက် ပျော										

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဓိကစိုက်ပျိုးကြသော သီးနှံမှာ စပါးဖြစ်ပါသည်။

(၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာ ငှားရမ်းလုပ် ကိုင်နေသော တောင်သူ အရေအတွက်	မှတ်ချက်/ အခြေအနေ
	တစ် ဦး ချင်း ပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေ အတွ က်	လယ် သမား ဦးရေ	အရေ အတွ က်	လယ် သမား ဦးရေ		
ထွန်စက်	-	-	-	-	-	-	
လက်တွန်းထွန်စက်	၄၆	-	-	-	-	-	
အစေ့ချ ကိရိယာ	-					-	
ရိတ်သိမ်းခြေလှေ့စက်	-					-	
ရိတ်သိမ်းစက်	၇					-	
ခြေလှေ့စက်	၅	-	-	-	-	-	
ရေစုပ်စက်	၁၉	-	-	-	-	-	
ခြေနင်းရေတင်စက်	-						
မြက်ရိတ်စက်	၂၀						

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ တောင်သူများသည် လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်ကြသည်ကိုလည်းတွေ့ရပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ)	မြေဆီဩဇာမရှိပါ။အားနည်းသည်
ရေရင်းမြစ်	ရှိရက်နှင့် အဟန့်အတားရှိ၍ မရောက်နိုင်
သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ	သဘာဝမြေဆွေးများရနိုင်သော်လည်း သုံးစွဲသူနည်းပါးသည်။
အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး	ဈေးကွက်တွင် အလွယ်တကူ ရရှိနိုင်သည်။
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ	တစ်ဇကတစ်သိန်းငါးသောင်းနှုန်းနှင့် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးပေးပါသည်။
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	မရှိပါ။
သွင်းအားစုဈေးကွက်	
ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု	
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိတောင်သူများသည် မိုးရေကိုသာအဓိကထား စိုက်ပျိုးနေကြရပါသည်။

(၂.၂.၁.၆)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	စိုက်ပျိုးမြေတိုးချဲ့ရန် မြေလွတ်မြေရိုင်းများ မရှိတော့ပါ။ လက်ရှိမြေယာတွင်သာ ထုတ်လုပ်မှုတိုးမြှင့်ရန် ဆောင်ရွက်ကြရသည်။
မြေဆီဩဇာ အခြေအနေ	လောလောဆယ်တွင် ကြီးမားသောစိန်ခေါ်မှု မရှိသေးပါ။
ငွေကြေးအရင်းအနှီးရရှိနိုင်မှု	မျိုးစပါးထုတ်လုပ်ရသောတောင်သူများအနေဖြင့် မျိုးစပါးပေါ်ချိန်တွင် ချေး ငွေဆပ်ရမည့်ကာလနှင့်တိုက်ဆိုင်မှုရှိသဖြင့် မျိုးစပါးထိန်းသိမ်း

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
	နိုင်မှုကို အဟန့်အတားဖြစ်စေနိုင်သည်။
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	အခက်အခဲမရှိပါ။
လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ)	လုပ်သားအသင့်အတင့်ရနိုင်သော်လည်း စက်ရုံများမှာ နေ့တွက်စရိတ် တိုးမြှင့်ပေးပြီး ခေါ်ယူမှုကြောင့် ရံဖန်ရံခါ ရှားပါးတတ်သည်။
ရေရင်းမြစ်များ ရရှိနိုင်မှု	အခက်အခဲမရှိပါ။
စိုက်ပျိုးရေမလုံလောက်မှု	အခက်အခဲမရှိပါ။
ဖျက်ပိုးနှင့် ရောဂါ	ယခုနှစ်များတွင် ဖျက်ပိုးကျရောက်မှု ပိုများလာသည်။
ဈေးကွက် လက်လှမ်းမီမှု	အခက်အခဲမရှိပါ။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	အခက်အခဲမရှိပါ။
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ မြေဆီဩဇာအခြေအနေမှာ အသင့်အတင့်ရှိပြီး စိုက်ပျိုးမြေမှာ အနည်းအကျဉ်းသာ တိုးချဲ့နိုင်သည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
ခိုင်းနွား	၁၀၂	၆၀၉	
နို့စားနွား			
မြင်း			
ကျွဲ	၃၇	၂၁၇	
မြည်း			
လား			
ဆိတ်			
သိုး			
ဝက်	၂၄၀	၈၁၂	
ကြက်	၂၀၉	၁၅၉၈	
ဘဲ	၁၃	၉၃	

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
နွားနောက်	-	-	
အခြား	-	-	
ငါးလုပ်ငန်း			
ငါးကန်	-		
ပုဇွန်ကန်	-		
ဂဏန်းမွေးမြူရေးလုပ်ငန်း	-		
ရေချို ငါးဖမ်းလုပ်ငန်း	-		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-		
အခြား	-		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်မွေးမြူရေးလုပ်ငန်းများအနေဖြင့် လယ်ယာလုပ်ငန်းတွင် ခိုင်းစေရန် ခိုင်းနွားအချို့နှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	စားကျက်မြေသီးသန့်မရှိပါ။
ရေရရှိမှု	မိုးရေကိုသာအသုံးပြုသည်။
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးတိရစ္ဆာန်များ ရရှိနိုင်သည်။
ချေးငွေ	မွေးမြူရေးအတွက် သီးသန့်ချေးငွေထုတ်ချေးခြင်းမရှိသေးပါ။
သွင်းအားစုစျေးကွက်	အလွယ်တကူရရှိနိုင်သည်။
ဝန်ဆောင်မှုစျေးကွက်	မွေးကုဋ္ဌီးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မှုလွယ်ကူသည်။
ထုတ်ကုန်ရောင်းဝယ်မှု	စျေးကွက်နှင့် လက်လှမ်းမှီသည်။
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အိမ်ခြံဝင်းအချို့သာ တနိုင်တပိုင်မွေးမြူရန် သင့်တော်သည်။
အခြား	-
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	-
ချေးငွေ	-
သွင်းအားစု လက်လှမ်းမီမှု	-

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	-
ထုတ်ကုန်ရောင်းဝယ်မှု	-
အခြား	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် အခွင့်အလမ်းများရှိသော်လည်း မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်တစားဆောင်ရွက်ပြီး ဝင်ငွေရရှိလိုမှု အားနည်းကြသဖြင့် ကျေးရွာတွင် တနိုင်တပိုင်မွေးမြူထုတ်လုပ်မှု အားနည်းသည်။

(၂.၂.၃.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေရရှိနိုင်မှု	မွေးမြူရေးအတွက် ချေးငွေမရရှိနိုင်ပါ။
ကူးစက်ရောဂါဖြစ်ပွားမှု	ကူးစက်ရောဂါဖြစ်ပွါးမှုနည်းပါးသည်။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	စီးပွါးဖြစ်မွေးမြူရေးလုပ်ငန်းများ မရှိသေးပါ။
အခြား	-
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် ရရှိနိုင်မှု	-
ချေးငွေရရှိနိုင်မှု	-
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

